## ဆေးပညာဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု၊ သမားယောင်များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်

## (အဆိုပြုချက် - ၄)

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ/ရှင့်။

ကျွန်တော်/ကျွန်မကတော့ .............. တိုင်းဒေသကြီး/ ပြည်နယ်မှ တိုင်းရင်းဆေး သမားတော်များ ညီလာခံကိုယ်စားလှယ် ဦး/ ဒေါ်............. ဖြစ်ပါတယ် ခင်ဗျာ/ရှင်။ ကျွန်တော်/ ကျွန်မအနေဖြင့် ယနေ့ကျင်းပပြုလုပ်တဲ့ (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးမှာ “ဆေးပညာဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု၊ သမားယောင်များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်” ဆိုတဲ့အဆိုကို ဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ် ခင်ဗျာ/ ရှင့်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျာ/ရှင့်။** ယခု အဆို အထောက် ခေါင်းစဉ်နှင့်ပတ်သက်ပြီး တင်ပြတဲ့အခါမှာ မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းကနေ စတင်ကောက်နုတ်ပြီး တင်ပြချင်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ မြန်မာနိုင်ငံမှာ လူသားများ စတင်နေထိုင်ချိန်ကစပြီး ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်ထွန်းပေါ်ပေါက်၍ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှု ပေးနိုင်ခဲ့ပါတယ်။ မြန်မာ့သမိုင်းစဉ် တစ်လျှောက်လုံးနဲ့ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယခေတ်များမှစကာ မိမိတို့ကိုယ်ပိုင် တိုင်းရင်းဆေးပညာဖြင့် ရပ်တည်လာခဲ့ကြပြီး အင်းဝခေတ်၊

ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်စသည့် ခေတ်အဆက်ဆက်တွင်လည်း မိမိတို့တတ်ကျွမ်းသော မြန်မာ့တိုင်းရင်းဆေး ပညာရပ်ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ခဲ့ကြကြောင်းကို သမိုင်းအထောက် အထားများနှင့်တကွ တွေ့ရှိရပါတယ်။ အင်္ဂလိပ်လက်အောက်ခံဘဝသို့ ကျရောက်စဉ်ကာလက မြန်မာ့ဆေးပညာကို ကောင်းမွန်စွာတတ်ကျွမ်းသူများ နည်းပါးလာပြီး ဆရာတု၊ ဆရာယောင်များ ပေါ်များ လာခဲ့ပါတယ်။ အနောက်တိုင်းဆေးပညာကိုလည်း တတ်ကျွမ်းမှုမရှိ၊ အတွေ့အကြုံ ရင့်ကျက်သော မြန်မာဆေးဆရာသမားတော်ကြီးများထံမှလည်း ဆေးအတတ်ပညာကို စနစ်တကျလေ့လာသင်ယူ ထားခြင်းမရှိဘဲ လူနာများကို ဆေးဝါးကုသခြင်းများ ဆောင်ရွက်သဖြင့် ၎င်းတို့၏ကုသမှုခံယူကြ ရသည့် ပြည်သူလူထု၏ဘဝမှာ ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ကြရပါတယ်။ ဤသို့ဖြင့် ၁၉၅၅ ခုနှစ်တွင် နိုင်ငံတော်မှ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီသည် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်ခဲ့ပြီး တိုင်းရင်း ဆေးဆရာအရည်အချင်းစစ် စာမေးပွဲကို (၅) ကြိမ်ကျင်းပပေးခဲ့ရာ အောင်မြင်သူပေါင်း (၇၄၆၂) ဦး ရှိခဲ့ပါတယ်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျာ/ရှင့်။**
နိုင်ငံတော်မှ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် တိုင်းရင်းဆေးသိပ္ပံကို မန္တလေးမြို့မှာဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ် (၁) မှ အမှတ်စဉ် (၂၃) အထိကို စာတွေ့၊ လက်တွေ့ (၃) နှစ်နှင့် အလုပ်သင်ကာလ (၁) နှစ်၊ စုစုပေါင်း(၄)နှစ် သင်ကြားပို့ချခဲ့ပြီး အမှတ်စဉ် (၂၄) မှ (၃၀) အထိ စာတွေ့၊ လက်တွေ့ (၂) နှစ်နှင့် အလုပ်သင်ကာလ (၁) နှစ်၊ စုစုပေါင်း (၃) နှစ် သင်ကြားပို့ချခဲ့ပါတယ်။ သင်တန်းပြီးဆုံး အောင်မြင်ပြီးပါက တိုင်းရင်း ဆေးပညာဒီပလိုမာဘွဲ့ (Dip.T.Med) အပ်နှင်းခဲ့ပြီး တိုင်းရင်းဆေးပညာဒီပလိုမာ အောင်လက်မှတ် ရရှိပြီး တိုင်းရင်းဆေးဆရာ စုစုပေါင်း (၂၁၈၇) ဦးကို တိုင်းရင်းဆေးဆရာမှတ်ပုံတင် (တဆ) ထုတ်ပေးခဲ့ပါတယ်။

ဒါ့အပြင် မိရိုးဖလာ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကြောင်း ပြုနေကြသော မြန်မာ နိုင်ငံအနှံ့အပြားမှ တိုင်းရင်းဆေး ဆရာများအတွက် လည်း အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ပြီး နိုင်ငံတော်မှကြီးမှူး၍ တိုင်းရင်းဆေးပညာ (၃) ဘာသာစာမေးပွဲကို ၁၉၆၂ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ (၅) ကြိမ်ကျင်းပခဲ့ရာ အောင်မြင်သူ (၇၄၈) ဦး၊ တိုင်းရင်းဆေးပညာ (၄) ဘာသာစာမေးပွဲကို ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ (၂) ကြိမ်ကျင်းပခဲ့ရာ အောင်မြင်သူ (၁၇၉၉) ဦးအောင်မြင်ခဲ့ပါတယ်။ ဒါ့အပြင် ဆေးပညာအမွေကို လက်ဆင့်ကမ်း သယ်ယူထားသောမျိုးဆက်များအနေဖြင့် ပြည်သူလူထုကို တိုင်းရင်းဆေးပညာဖြင့် စနစ်တကျစောင့်ရှောက်မှု ပေးနိုင်စေရန် အတွက် ရည်ရွယ်ကာ တိုင်းရင်းဆေး ဆရာ (၁) နှစ်သင်တန်းများ ကို ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မန္တလေးမြို့၊ တိုင်းရင်းဆေး သိပ္ပံတွင် (၅) ကြိမ်၊ ရန်ကုန်မြို့တွင် (၃) ကြိမ်ဖွင့်လှစ်ပို့ချခဲ့ပြီး တရားဝင် တိုင်းရင်းဆေးဆရာ (၁၁၇၈) ဦးကို မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျာ/ရှင့်။** ယခုအခါ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပြည်သူလူထု၏ အားကိုးယုံကြည်မှုတို့ကြောင့် တိုင်းရင်းဆေးပညာအဆင့်အတန်းမြင့်မားလာစေရန်နှင့် အရည်အသွေး ပြည့်ဝသော မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များ ပေါ်ပေါက်လာရေးကို ရည်ရွယ်ပြီး မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ (၁၉) ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်း ကာလမှာ စာတွေ့ လက်တွေ့ (၄) နှစ်နှင့် အလုပ်သင်ကာလ (၁) နှစ် စုစုပေါင်း (၅) နှစ် ဖြစ်ပြီး အောင်မြင်ပြီး ဆုံးပါက မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (Bachelor of Myanmar Traditional Medicine) (B.M.T.M) ကိုအပ်နှင်းခဲ့ပါတယ်။ ဆက်လက်ပြီး ထူးချွန်တဲ့ တိုင်းရင်းဆေးပညာရှင်များအတွက် မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ သင်တန်းနှင့် တိုင်းရင်းဆေးပညာဒီပလိုမာရရှိပြီး အရည်အချင်း ကိုက်ညီသည့်

ဝန်ထမ်း တိုင်းရင်းဆေးပညာရှင်များအတွက် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး) သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျှက်ရှိပြီး မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ (Master of Myanmar Traditional Medicine) (M.M.T.M) နှင့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) (Bachelor of Myanmar Traditional Medicine, Bridge Course) တို့ကိုအပ်နှင်းလျက်ရှိပါတယ်။ လက်ရှိအချိန်ထိ တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ် (တဆ) စုစုပေါင်း (၇၃၈၄) ခု ထုတ်ပေး ထားပြီးဖြစ်ပါသည်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျာ/ရှင့်။** အထက်ဖော်ပြထားသော တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်း ခံရသူများသည်လည်း အောက်ပါအချက် အလက်များနှင့် ကိုက်ညီသူများ ဖြစ်ပါတယ်။ အဲ့ဒီအချက်တွေကတော့

- တိုင်းရင်းဆေးသိပ္ပံ (သို့) တိုင်းရင်းဆေးတက္ကသိုလ်မှ အောင်မြင်သူ
- တိုင်းရင်းဆေးပညာဦးစီးဌာနက ဖွင့်လှစ်သည့် တိုင်းရင်းဆေးဆရာဖြစ် သင်တန်း အောင်မြင်သူ
- တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့က (သို့) တိုင်းရင်းဆေးပညာ ဦးစီးဌာန က ကျင်းပပြု လုပ်သည့် အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူ
- တိုင်းရင်းဆေးကောင်စီ၏ စစ်ဆေးချက်အရ တိုင်းရင်းဆေးဆရာဖြစ်ထိုက်သည့် အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ခြင်း ခံရသူတွေကို ကောင်စီကပုဒ်မ ၁၁ အရ လျှောက်ထားချက်ကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေး ထားခြင်း ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာ၊ ကောင်စီ၊ တိုင်းရင်းဆေးဆရာ၊ မှတ်ပုံတင်လက်မှတ်တို့နှင့် ပတ်သက်၍ တိုင်းရင်းဆေးကောင်စီဥပဒေကို ၁၃၆၁ ခုနှစ်၊

ပြာသိုလဆန်း (၉) ရက်၊ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့ နေ့စွဲဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

ၡင်းဥပဒေ၏ရည်ရွယ်ချက်မှာ

- တိုင်းရင်းဆေးဆရာများစုစည်း၍ တိုင်းရင်းဆေးပညာရပ် တစ်ရပ်ရပ်ကို အသုံးချပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်။
- တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာစေရန် အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်။
- တိုင်းရင်းဆေးပညာခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျဆောင်ရွက်နိုင်ရန်။
- တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဟူ၍ပြဋ္ဌာန်းထားပါတယ်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျာ/ရှင့်။** နိုင်ငံတော်က တိုင်းရင်းဆေးဆရာအဖြစ် အသိအမှတ်ပြုထားသော တိုင်းရင်းဆေးပညာရှင်များအနေဖြင့် မိမိတို့ တတ်မြောက်ထားသော ဆေးပညာကို လေးစားတန်ဖိုးထားမှုနဲ့အတူ စစ်မှန်သော စေတနာ မေတ္တာတွေနဲ့ ပြည်သူလုထုရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်သည့်အပြင် တိုင်းရင်းဆေးပညာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

သမားတော်တစ်ဦး ဖြစ်လာပါက နဝရတ်ကတိသစ္စာကို စောင့်ထိန်းရမည့်အပြင် ရောဂါသိမှု၊ ဆေးသိမှု၊ ကုထုံးသိမှုဆိုတဲ့ သိမှု (၃) ဖြာကို သိရှိနားလည်ရပြီး သမားဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရမည် ဖြစ်ကြောင်းကို နရသုခိကျမ်းတွင် “ဆေးစာများမြောင်၊ ကျမ်းစောင်စောင်ကို၊ တတ်ခေါင်တွင်

ကျယ်၊ ချစ်ဖွယ်ရှိခြင်း၊ သတင်းဖြူစင်၊ ကျင့်စုံလင်အံ့” ဟု ဖွင့်ဆိုထားပါသည်။ ဓာတုစိန္တာကျမ်းတွင်လည်း အောက်ပါအတိုင်း ပြဆိုထားပါသည်။ ဓာတုစိန္တာကျမ်းလာသမားဂုဏ် အင်္ဂါ (၄) ပါး-

(၁) ဒိဋ္ဌကမ္မ - ရှေးသမားတော်ကြီးများ၏ လက်တွေ့ကုထုံးကုနည်းများကို များစွာမြင်ဖူးခြင်း။

(၂) သုခိ - ဝေဒနာရှင်တို့ ယုံကြည်လောက်အောင် စိတ်ထားစင်ကြယ်မွန်မြတ်ခြင်း။

(၃) ဒက္ခ - ဆေးကုသရာ၌ လိမ္မာကျွမ်းကျင်ရခြင်း။

(၄) ဝိဒိတာဂမ - ရှေးသမားတော်ကြီးများထံ၌ စာတွေ့၊ လက်တွေ့ခံယူ၍ ကျမ်းအစောင်တို့ကို နှုတ်ငုံဆောင်သင့်သည်ကို နှုတ်ငုံဆောင်၍ ကောင်းစွာတတ်မြောက်ထားရခြင်း ဟုပါရှိ ပါသည်။

ထို့ပြင် သမားကောင်းတို့၏ကျင့်စဉ်ကိုလည်း အောက်ပါအတိုင်းဖွင့်ဆိုထား ပြီး ဖြစ်ပါသည် -

- မှတ်ပုံတင်ပြီးသည့် တိုင်းရင်းဆေးသမားတော်များသည် နိုင်ငံ့သားကောင်း တစ်ယောက်အဖြစ် လိုက်နာအပ်သော “ပြည်သူ့ကျန်းမာရေး” ဆိုင်ရာ စည်းကမ်းချက်များ နှင့်အညီ လိုက်နာရန် တာဝန်ရှိသည့်အပြင် ပြည်သူတို့အတွင်း ကပ်ရောဂါများနှင့် ကူးစက်ရောဂါများ ဖြစ်ပွားနေခြင်းကိုသိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာ တာဝန်ရှိသူများအား သတင်းဦး ပေးပို့ရမည်။
- မှတ်ပုံတင်ပြီး သမားတော်တစ်ဦးသည် မှတ်ပုံမတင်ရသေးသော ဆေးဆရာများနှင့် ဆေးဝါးလုပ်ငန်းများအတွက် နီးနှောဆက်သွယ်မှုများ မပြုလုပ်ရ။
- မိမိတာဝန်ယူလက်ခံကုသသော လူနာအား အချိန်မှန်မှန် ကြည့်ရှုကုသပေးရမည်။ လူနာ၏ ရောဂါအခြေအနေကို သက်ဆိုင်သူများအား

ထုတ်ဖော်ပြောပြရန်မှာ ဆရာ၏ စဉ်းစား ချိန်ဆမှုပေါ်တွင်သာ တည်ပေသည်။

- ဆရာနှင့်လူနာ ဆေးဝါးကုသရာ၌ သဘောခြင်း တိုက်ဆိုင်မှုမရှိပါက လူနာရှင်ပုဂ္ဂိုလ် တစ်ဦးဦးအား အခြေအနေမှန်ကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုနိုင်သည်။ လူနာတွင် ဆရာ ပြောင်းလဲကုသခွင့် ရှိစေရမည်။
- လူနာတစ်ဦးအား ဆေးဝါးလက်ခံကုသမှုသည် လူနာရှင်က ရပ်တန့်လိုသည့်အခါ ကုန်ဆုံးသည်ဟုသတ်မှတ်ရမည်။ သို့မဟုတ်ပါ က ဆရာဖြစ်သူက အခြားသင့်တော်သူ တစ်ဦးဦးလက်သို့ အပ်ပြီးသည့်အချိန်ထိ တာဝန်ရှိသည်။
- လက်ခံကုသသောဆရာ၏ ညွှန်ကြားချက်အရ အခြားဆေးဆရာ တစ်ဦးအား ခေါ်ယူ ပြသသည့်အခါ လက်ခံရမည့်ဆရာ သိရှိနိုင်ရန် ပထမဆရာက ရောဂါအခြေအနေနှင့် ဆေးချက်ချခဲ့ပုံတို့ကို သေချာစွာ ရေးသားဖော်ပြပေးထားရမည်။
- ဆေးဆရာတစ်ဦးသည် တိုင်းရင်းဆေးဆရာနှင့် ၎င်း၏ ဇနီး၊ သား/သမီးများ၊ ဆင်းရဲ နွမ်းပါးသူများ၊ မိမိအားပညာ သင်ကြားပေးသော ဆရာသမားများ၊ မိတ်သင်္ဂဟများ၊ မိတဆိုး၊ ဖတဆိုးများနှင့် ဆေးကျောင်းသား အစရှိသည်တို့ကို အခမဲ့ကြည့်ရှု ပြုစုပေး ရသည်မှာ ရနိုင်ခဲသော အခွင့်အရေးတစ်ခုဖြစ်၍၊ ၎င်းတို့အား ကြည်ဖြူစွာကြည့်ရှု ကုသ ပေးရမည်။
- တစ်ဦးတစ်ယောက်အား လူနာရှာပေးခအဖြစ်ကော်မရှင်နှုန်းဖြင့်သော်လည်းကောင်း၊ လူနာထံမှ ရရှိငွေထဲမှသော်လည်းကောင်း၊ ပေးကမ်းရန်အားထုတ်ခြင်း၊ အတိုင်အဖောက် ပြုလုပ်ခြင်းမျိုး လုံးဝမပြုလုပ်ရ။

- ခြေကြွခနှုန်းနှင့် ဆေးဖိုးကျသင့်ငွေကို လူသိရှင်ကြားဈေးနှုန်းများ ဖော်ထုတ်ရေးသားခြင်းမှ ရှောင်ရှားရမည်။ ဈေးနှုန်းအတိ အကျမရှိ လင့်ကစား ဆေးဆရာ၏ ပင်ကိုယ် အဆုံး အဖြတ်အတိုင်း လျော့ချ တောင်းဆိုနိုင်ခွင့်ရှိသည်။
- လူနာနှင့်ပတ်သက်သည့် ကိုယ်ရေးလျှို့ဝှက်ချက်များကို ထိန်းသိမ်း ရမည် -

  (က) သို့သော် လူနာ၏ခွင့်ပြုချက်ရလျှင် လူနာနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကို တရားရုံး၌ ထုတ်ဖော်နိုင်ခွင့်ရှိသည်။ တရားရေးရှေ့နေတို့၏ မေးမြန်းချက်ကို ဖြေဆိုလိုမှ ဖြေဆို နိုင်သည်။

  (ခ) မိမိအလိုအလျောက် လူနာနှင့်ပတ်သက်သည့် မည်သည့် လျှို့ဝှက်ချက်များကိုမဆို တရားရုံး၌ သက်သေထွက် ဆိုခြင်းမျိုး ကို မပြုလုပ်ရ။

- ကာယကံရှင် ဂီလာနအား လက်ခံကုသနေစဉ် ဆေးကုသချက် အောင်မြင်မှု မရှိသည့် အတွက် ရှောင်တိမ်းသွားခြင်း အလျဉ်းမပြု လုပ်ရ။ သို့သော် အောက်ပါချွင်းချက်များဖြင့် လူနာအား လက်ခံ ကုသနေခြင်းမှ ရပ်ဆိုင်းနိုင်ခွင့်ရှိသည်။

  (က) မိမိအပြင်အခြားဆေးဆရာတစ်ဦးကရောပြွမ်းကုသနေသည်ကို တွေ့မြင်သိရှိရခြင်း၊

  (ခ) မိမိပေးထားသော ဆေးချက်အပြင် အခြားသော ဆေးဝါးများကို စားသောက်မှီဝဲ နေသည်ကို မြင်ခြင်း၊

  (ဂ) မိမိပေးထားသောဆေးဝါးများကို မှီဝဲရန်ငြင်းဆိုခြင်း၊

  (ဃ) မလိုလားအပ်သော စွဲလမ်းတတ်သော (သို့မဟုတ်) ဆေးဝါးဥပဒ် ဖြစ်စေတတ်သော ဘိန်း၊ အရက်၊ အိပ်ဆေးစသည်တို့ကို အလွဲသုံးစားပြုလိုကြောင်း လူနာကအစဉ် တောင်းဆိုလာခြင်း။

- သမားတော်တစ်ဦးသည် မိမိ၏ အမည်၊ ဘွဲ့၊ ရာထူး စသည်တို့ကို ဖော်ပြရာတွင် သင်တန်း စာမေးပွဲများ၌ရရှိခဲ့သော ဂုဏ်ထူးရဘာသာရပ်များကို ထည့်သွင်း၍လည်းကောင်း၊ လိုအပ်သည်ထက် လွန်ကဲ၍လည်းကောင်း ဖော်ပြခြင်းမပြုရ၊ အမည်ဆိုင်းဘုတ်ကိုလည်း ထားရှိသင့်သည့် အရွယ်အစားထက် ကြီးမားစွာ ဖော်ပြကာ လူမြင်ကွင်း၌ ချိတ်ဆွဲကြော်ငြာခြင်း မပြုလုပ်ရ။

- မွန်မြတ်လှသော ဆေးဆရာတို့၏ ဂုဏ်သိက္ခာကို အစဉ်အမြဲ ထိန်းသိမ်းရန် လိုအပ်လှသည့် အတိုင်း ဆေးဆရာတစ်ဦး၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေနိုင်သော အောက်ပါပြုမူ ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ရမည် -

(က) လက်ဆင့်ကမ်း ကြော်ငြာစာများဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင် မိမိသည် လူနာများကို မည်သည့်နေ့၊ မည်သည့်နေရာ စသည်တို့တွင် မည်သို့ဆက်လက်၍ ဆေးကုသပေးနေသည် စသည်တို့ဖြင့်ကြေညာခြင်း၊

(ခ) ဆေးစွမ်းကောင်းများဟု အမည်တပ်ကာ လျှို့ဝှက်ရောင်းဝယ် အမြတ်ထုတ်ခြင်း၊

(ဂ) ဆေးဝါးဖော်စပ် ရောင်းချသူများ၊ ကိရိယာတန်ဆာပလာ ရောင်းချသူများနှင့် အဆက်အသွယ်ပြုလုပ်ပြီး ယင်းပစ္စည်းများ ရောင်းချရသည့်ငွေအပေါ်တွင် အချိုးကျ အမြတ်ခွဲဝေယူခြင်း၊

(ဃ) ဆေးဝါးကုသရာ၌ အောင်မြင်ကြောင်း ဆေးလက်မှတ်များကို သော်လည်းကောင်း၊ လူနာများထံမှ ကျေးဇူးတင်လွှာများကို ဖော်ပြ၍သော်လည်းကောင်း (ဆေးပညာရပ် ဆိုင်ရာ စာစောင်များမှ အပ) အခြားသတင်းစာများ၌ ထည့်သွင်းဖော်ပြ ကြေညာခြင်း၊

(င) တိုင်းရင်းဆေးကောင်စီဥပဒေအရ အသိအမှတ်ပြုခြင်းမခံရသူ တစ်ဦးဦးအား အကာ အကွယ်ပေးခြင်း၊

(စ) "မပျောက်လျှင် ငွေမပေးစတမ်း" ဟုအပေး/အယူ၊ အလောင်းအစားသဘောမျိုးဖြင့် လူနာအား ဆေးကုသခြင်း၊

(ဆ) မတရားသောနည်းဖြင့် ဆေးဝါးကုသမှုပြုခြင်း၊ မိမိမကျွမ်းကျင်သော အတတ်ကို တတ်ဟန်ဆောင်၍ ဆေးဝါးကုသည့်အမှုမျိုးကို ပြုလုပ်ခြင်း။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျား/ရှင်။** သို့ဖြစ်ပါ၍ နိုင်ငံတော်မှ အသိအမှတ်ပြုထားသော တိုင်းရင်းဆေးသမားတော် တစ်ယောက်အနေနဲ့ အထက်ပါ ဆေးပညာဆိုင်ရာ ကျင့်ဝတ်များနှင့် လိုက်နာရမည့်စည်းကမ်းချက်များအား တသွေမတိမ်း လိုက်နာရန် အလွန်အရေးကြီးပါကြောင်း တင်ပြအပ်ပါသည်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျား/ရှင်။** ပြည်သူလူထုအနေနဲ့ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး ပြည့်ဝတဲ့ ဆေးကုသမှုတွေ၊ စစ်မှန်တဲ့ဆေးဝါးတွေ ရရှိဖို့ဆိုရင် ဆေးပညာကို အမှန်တကယ်တတ်ကျွမ်း နားလည်ပြီး သမားတစ်ယောက်ရဲ့ကျင့်ဝတ်နဲ့ အညီ ဆေးဝါးကုသပေးနေတဲ့ သမားအစစ်တွေရှိဖို့လိုသလို သမားတု၊ သမားယောင်တွေပပျောက်ဖို့လည်း အလွန်အရေးကြီးပါတယ်။ သမားတု သမားယောင်ဆိုသည်မှာ မသမာသူအချို့က တိုင်းရင်းဆေးကောင်စီက သတ်မှတ် ထုတ်ပြန်ထားတဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့် ညွှန်ကြားချက်တွေ၊ ကျင့်ဝတ်စည်းကမ်းတွေနဲ့အညီ တိုင်းရင်းဆေးကောင်စီက ခွင့်ပြုပေးထားတဲ့ ကုသခွင့်လက်မှတ်မရှိဘဲ ပြင်ပကစာအုပ် စာပေတွေကို ဖတ်ရှုပြီးသော်လည်းကောင်း၊ ဆေးနည်း ကောင်းတစ်ခုကို လက်ဆင့်ကမ်း ရရှိ၍သော်လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခုက တိုင်းရင်း ဆေးပညာတွေကို အသုံးချ၍သော်လည်းကောင်း၊ ဆေးကျမ်းတစ်စောင်မှုကို

လေ့လာပြီးသော် လည်ကောင်း မိမိကိုယ်ကိုတိုင်းရင်းဆေးဆရာ အမည်ခံယူကာ ဆေးကုသခြင်းတွေနဲ့ သမားတစ်ဦး လေ့လာလိုက် စားထား ရမည့် ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒစတဲ့ ပညာရပ်တွေကို သိရှိနားလည်ထားမှုမရှိဘဲ ဆေးကုသမှုတွေ ပြုလုပ်နေသူများကိုခေါ်ဆိုပြီး ၎င်းတို့ကြောင့် ပြည်သူ များ၏ အသက် အိုးအိမ် စည်းစိမ်များသာမက တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်း ပျက်စီးစေပါတယ်။

ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ဆီးချိုသွေးချိုရောဂါရှင်များနှင့် မသင့်တော်သော အနာပေါက် ရောဂါကုထုံးများ၊ ကင်ဆာရောဂါများကိုလည်း မသင့်တော်သောကုသနည်းများဖြစ်သည့် ပေါင်းဆေးထိုးခြင်း၊ နားရွက် နောက်မှ သွေးကြောကိုဖြတ်ကာ သွေးတိုးကျသည်ဟုဆိုပြီး ကုသမှုများ ပြုလုပ်နေကြခြင်း၊ Facebook ကဲ့သို့ လူမှုမီဒီယာများမှတဆင့် အန္တရာယ်ရှိသော ကုသနည်းများကို နည်းမျိုးစုံ အသုံးပြုကာ တွင်တွင်ကျယ်ကျယ် ကုသမှုပေးနေကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရ ပါသည်။ ထိုသို့ ကုသခြင်းဖြင့် လူနာတွင် နောက်ဆက်တွဲ ထိခိုက်ဆုံးရှုံးမှုများ ကြီးမားခြင်း၊ လွဲပို့၍ ကုသရမည့် ရောဂါများကိုလည်း အချိန်ဆွဲကုသနေသောကြောင့် လူနာမှာ ထိရောက်သော ဆေးကုသမှု အချိန်မီမရရှိသဖြင့် အသက် ဆုံးရှုံးရသည်အထိ ထိခိုက်ရမှုများကို မိမိတို့ပတ်ဝန်းကျင်တွင် ကြားနေ ကြရမှာပါ။ ဒ့ါအပြင် တရားမဝင် ဖွင့်လှစ်သင်တန်းပေး၍ ကုသနေသော သမားတု သမားယောင်များနှင့် ၎င်းတို့ကို မွေးထုတ်ပေးနေသော သူများကိုလည်း ထိရောက်စွာ အရေးယူသင့်ပါတယ်။ မိမိ အသုံးပြုလိုက်တဲ့ ဆေးပစ္စည်းရဲ့ အာနိသင်၊ ရသ၊ ဝိပါက၊ ပဘာဝစသည့် တိုင်းရင်းဆေးပညာရဲ့ အခြေခံသဘောတရားများကို မသိနားမလည်ဘဲ ကျန်းမာရေး ဗဟုသုတနည်းသောရောဂါဝေဒနာရှင် များကို ဆေးကုသပေးတဲ့အခါမှာ ပြည်သူလူထုအနေဖြင့် အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးကာ ဒုက္ခ ဆိုးကျိုးများ တွေ့ကြုံခံစားနေကြရပါတယ်။ ဒီလိုပြဿနာတစ်စုံတစ်ရာ

ဖြစ်ပေါ်လာသည့် အခါတိုင်း တိုင်းရင်းဆေးဆရာတွေ ကုသလိုက်လို့ ဖြစ်ရတယ်ဆိုတဲ့ သတင်းဆိုးများထွက်လာပြီး တိုင်းရင်းဆေးရဲ့ပုံရိပ်ကို ညှိုးနွမ်းစေပါတယ်။ အဲဒီလိုမျိုး လိမ်ညာလှည့်စားပြီး ဆေးကုသမှုတွေ၊ ဆေးဝါးအတုများ ဖော်စပ်ရောင်းချတာတွေ အနယ်နယ်အရပ်ရပ်မှာ တိုင်းရင်းဆေးဆရာအမည်ခံပြီး ဆေးကုသနေသူတွေကို နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ တစ်နှစ် သင်တန်း၊ (၄) ဘာသာ၊ တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးတက္ကသိုလ်စတဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ သင်တန်းကျောင်းတစ်ခုခုမှ အောင်မြင်ပြီး တိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုပြီး ထုတ်ပေးသော တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ) ရရှိထားခြင်း ရှိ/မရှိနဲ့ ၎င်းတို့ရဲ့ ဆေးကုသနေပုံတွေ အားလုံးကိုလည်း စနစ်တကျ စုံစမ်းစိစစ်ပြီး သတ်မှတ်ချက်နှင့်မညီသော သမားတု သမားယောင် များကို တိုင်းရင်းဆေးကောင်စီဥပဒေနှင့်အညီ စနစ်တကျ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူ နိုင်ရေးအတွက် သင့်လျော်သော စီမံချက်များချမှတ်ကာ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက် ကြရပမည်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ ခင်ဗျာ/ရှင်။** နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ယခုအခါ နိုင်ငံတော်မှ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ တိုးတက် စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည်နှင့်အညီ တိုင်းရင်းဆေးပညာရှင်များ အနေဖြင့်လည်း ယခုထက်ပိုမို၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ထိရောက်သော အခန်း ကဏ္ဍမှ ပါဝင်စောင့်ရှောက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆေးပညာဆိုင်ရာ ကျင့်ဝတ်များကို လေးလေးစားစား လိုက်နာကျင့်သုံးပြီး ပြည်သူလူထုကို မသမာသောနည်းလမ်းများဖြင့် ဆေးကုသမှု ပေးနေသည့် သမားတု သမားယောင်များ ပပျောက်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်နိုင်စေရန်အတွက် ဤအဆိုပြုချက်ကို အလေးအနက် တင်သွင်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ/ရှင့်။